ပုပ်ရဟန်းမင်းကြီး၏ ဩဇာအာဏာတန်ခိုးပြန်လည်ရယူနိုင်ဖို့ ဒုတိယအကြိမ်ကြိုးပမ်းမှုမှာ ထရန့် (Trent) ကောင်စီပဲဖြစ်သည်။ ၎င်းသည် ၁၅၄၅ မှ ၁၅၆၃ အထိအစည်းအဝေးများ ဆက်တိုက်ကျင်းပဖြစ်ခဲ့သည်။ ၎င်းအစည်းအဝေးများသည် မေးခွန်းများစွာကို ကိုင်တွယ်ဖြေရှင်းခဲ့သော်လည်း အကြီးမားဆုံးသောအချက်မှာ ပြုပြင်ပြောင်းလဲမှု၏ တိုးတက်မှုကို မည်သို့ရပ်တန့်စေမည်နည်း။ ဤအချက်ကြောင့်၊ ဤကောင်စီ၏လုပ်ဆောင်မှုများကို “တန်ပြန်ပြုပြင်ပြောင်းလဲမှု” ဟု မကြာခဏခေါ်ကြသည်။

ကောင်စီက “ဓလေ့ထုံးတမ်း” (ကက်သလစ်အသင်းတော်၏ သမိုင်းနှင့် သွန်သင်ချက်များ) ကို လေ့လာခြင်းမပြုဘဲ မည်သူမျှ သမ္မာကျမ်းစာကို နားမလည်နိုင်ဟု ဆိုခဲ့သည်။ သူတို့က ခရစ်ယာန်များသည် သူတော်စင်များနှင့် ရုပ်ပုံများကိုကိုးကွယ်သင့်ကြောင်းနှင့်အသင်းတော်ဂိုဏ်းချုပ်တည်းဟူသော ပုပ်ရဟန်းမင်းသည် ကမ္ဘာပေါ်ရှိ ခရစ်တော်၏ ပုပ်ရဟန်းမင်းကြီး (ကိုယ်စားလှယ်) ဖြစ်ကြောင်းကို ကြေငြာခဲ့သည်။

သူတို့ရင်ဆိုင်ခဲ့ရသော ကြီးမားသည့်ပြဿနာတစ်ခုမှာ ပရိုတက်စတင့်များသည် ဒံယေလကျမ်းနှင့်ဗျာဒိတ်ကျမ်းတို့က ကက်သလစ်အသင်းတော်ကို အထူးသဖြင့်ပုပ်ရဟန်းမင်းတို့၏အယူအဆကို ပြစ်တင်ရှုတ်ချကြောင်း ဖော်ပြခြင်းဖြစ်သည်။ နောက်ရက်သတ္တပတ် အနည်းငယ်အတွင်းတွင် ဤအကြောင်းအရာကို ကျွန်ုပ်တို့ နောက်တဖန်တွေ့မြင်ရပါလိမ့်မည်ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** ပုပ်ရဟန်းမင်းနှင့် ပရိုတက်စတင့်ပြုပြင်ပြောင်းလဲရေးသမားများအကြား ယုံကြည်မှုပြိုင်ပွဲ မရှိခဲ့ပါ။ သို့သော် ဤအရာများကြောင့် လူများတို့သည် အသတ်ခံခဲ့ကြရသည်။ ထိုသို့တိုက်ခိုက်ခံနေရခြင်းအပေါ် လူ့သဘောသဘာဝအားဖြင့် တုံ့ပြန်မှုက အဘယ်သို့ရှိနိုင်မည်နည်း။ လျောက်ပတ်သောမှန်ကန်သောခရစ်ယာန်တို့၏တုံ့ပြန်မှုကား အဘယ်နည်း။ လူ့သဘောသဘာဝ၏ တုန့်ပြန်မှုနှင့် မှန်ကန်သောခရစ်ယာန်တို့၏ တုန့်ပြန်မှုတို့၏ခြားနားခြင်းက အဘယ်နည်း။ ရှင်လုကာခရစ်ဝင် ၂၂း၄၇-၅၃၊ ဖေက်ဩဝါဒစာ ၆း၁၀-၁၈။

## သောကြာနေ့ ၊ စပိန်အာမဒါ ၄

ကက်သလစ်အသင်းတော်သည် ဂျာမနီဒေသအများအပြား၊ ဆွစ်ဇာလန်ဒေသနှင့် အင်္ဂလန်တစ်နိုင်ငံလုံးကို ထိန်းချုပ်မထားနိုင်ခဲ့ချေ။ ထို့အကြောင်းကြောင့်၊ သူတို့သည် ဤအရာကိုရပ်တန့်ဖို့ရန် တစ်ခုခုလုပ်ရမည်ဟု ခံစားခဲ့သည်။ ဂျေစူးအဖွဲ့ဖွဲ့စည်းခြင်း (Jesuits) နှင့် ထရန့် (Trent) ကောင်စီတည်ထောင်ပြီးနောက်တွင်၊ သူတို့သည် နောက်ထပ်ပို၍ ကြီးမားသောကြိုးပမ်းမှုတစ်ခု ပြုလုပ်ခဲ့ကြသည်။

ဤအကြံအစည်ကြိုးပမ်းမှုမှာ အင်္ဂလန်၌ကက်သလစ်ဘာသာကို ပြန်ကျင့်သုံးဖို့ရန် ဖြစ်သည်။ ဤသို့လုပ်ဆောင်ဖို့ရန် သူတို့သည် မအောင်မြင်နိုင်သော အာမဒါ "Invincible Armada" လို့ခေါ်သော ရွက်လွှင့်သည့်စစ်သင်္ဘောများမှ ဩဇာအာဏာအရှိဆုံး ရွက်လှေစစ်သင်္ဘောကို စုစည်းထားခဲ့သည်။ သူတို့၏ ဘာသာတရားကို လိုက်နာဖို့ တိုင်းပြည်တစ်ပြည်ကို အတင်းအကျပ် ဖိအားပေး ကြိုးပမ်းခဲ့သည်။



၁၅၈၈ ခုနှစ်တွင်၊ အမြောက်များ ၂၆၅၀၊ သင်္ဘောသား ၈၀၀၀ နှင့် စစ်သား ၂၀၀၀၀ ပါသည့်စပိန်သင်္ဘောအစီး ၁၃၀ သည် ဟော်လန် (Holland) မှ နောက်ထပ်စစ်သား ၃၀၀၀၀ နှင့် စုပေါင်း၍ ၎င်းသည် အင်္ဂလန်ကမ်းရိုးတန်းကို ကျူးကျော်ဝင်ရောက်တိုက်ခိုက်ရန် ဖြစ်၏။

အံ့ဩစရာကောင်းသည်မှာ ဤအရာအားလုံးအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို လုံလောက်စေသောလျှို့ဝှက်ခြင်းနှင့် လှည့်စားခြင်းဖြင့်ပြုလုပ်ခဲ့ပြီး အင်္ဂလိပ်အစိုးရသည် ထိုတိုက်ခိုက်မှုမတိုင်မီ သီတင်းပတ်အနည်းငယ်မျှအထိ ထိုခြိမ်းခြောက်မှုကို အလေးအနက်ထားခြင်းမရှိခဲ့ပါ။ ထိုအချိန်က၊ သူတို့၌ လုပ်နိုင်သည့်အရာအနည်းငယ်သာရှိသော်လည်း လေ့ကျင့်သင်ကြားပေးခြင်းမရှိသော ပြည်သူ့စစ်များနှင့်စီးပွားဖြစ်သင်္ဘောများကို စုစည်းရန်ကြိုးပမ်းခဲ့သည်။ ဗြိတိသျှတို့သည် စစ်သင်္ဘော ၃၄ လုံးသာရှိပြီး ထိုစစ်သင်္ဘောအားလုံးသည် စပိန်ရွက်သင်္ဘောကြီး (galleons) များထက် များစွာသေးငယ်သည်။

ဖြစ်ပေါ်လာသောအားလုံးထဲတွင် အင်္ဂလန်က ကြမ္မာဆိုးခဲ့သည်။ သို့သော် ဘုရားသခင်က “မပျက်စီး (No)” ဟု ပြောခဲ့သည်။ အင်္ဂလိပ်အသင်းတော်သည် ဘုရားသခင့်စံတော်နှင့် ဝေးကွာသော်လည်း ကိုယ်တော်သည် နောင်လာမည့်နှစ်များတွင် ၎င်းအတွက် ပြင်ဆင်ရန်အစီအစဉ်ရှိခဲ့ပြီး ၎င်း (အင်္ဂလန်ရှိအသင်းတော်) ကိုရှင်းလင်းပျက်ဆီးရန် ခွင့်မပြုခဲ့ပါ။

ဤအကြောင်းအရာအဖြစ်အပျက်သည် စိတ်လှုပ်ရှားဖွယ်ရာ အကြောင်းအရာတစ်ခုဖြစ်သည်။ မုန်တိုင်းများ၊ အမြောက်များ၊ မီးလောင်စေသောသင်္ဘောများ၊ ကျွမ်းကျင်သောသင်္ဘောသား၊ ရဲရင့်သောသတ္တိရှိသူများ၊ သိမ်ဖျင်းသောငြင်းခုံမှုများ၊ မိုက်မဲသောကြီးကြပ်မှုများနှင့် အထောက်အပံ့ပေးသောအပေါင်းအဖော်များအားလုံးသည် တဖက်မှနေ၍ တိုက်ခိုက်လာခဲ့သည်။ ၎င်းတိုက်ခိုက်မှု ပြီးဆုံးသွားသောအခါတွင်၊ မအောင်မြင်နိုင်သော အာမဒါ "Invincible Armada" တွင် အားဖြည့်ခြင်းများမရှိ၊ ကမ်းခြေကိုတိုက်ခိုက်ရန် ဘယ်တော့မှမကြိုးစားနိုင်ခဲ့ပါ၊ စပိန်သို့မပြန်မီ ဗြိတိန်ကျွန်းတစ်ခွင်လုံးကိုလည်း ဝိုင်းပတ်ခဲ့ရသေးသည်။

သူတို့သည် အလွန်နည်းပါးစွာပင် ပြန်လာခဲ့ကြသည်။ ထိုသို့သောခရီးစဉ်အတွက် သူတို့ ကြိုတင်ပြင်ဆင်ထားခြင်း မရှိသောကြောင့် သင်္ဘောများမှာ ရေနှင့်အစားအစာများ ကုန်သွားခဲ့သည်။ အကျွမ်းတဝင်မရှိသော ပင်လယ်များ၌ ရွက်လွှင့်ခြင်းဖြင့်၊ များစွာသောသူတို့သည် အိုင်ယာလန်ကမ်းရိုးတန်းတွင် သင်္ဘောပျက်၍ သေဆုံးခဲ့သည်။ စစ်ပွဲသို့ အဝေးကြီးထွက်ခွာသွားခဲ့သည့် လူအယောက် ၃၀၀၀၀ အနက် ၂၀၀၀၀ နီးပါးသည် ဘယ်တော့မှပြန်မလာခဲ့ကြတော့ပေ။ စပိန်လူမျိုးများအတွက် ပို၍ဆိုးရွားသည်မှာ ပုပ်ရဟန်းမင်းကြီး ဆစ်စတပ်စ် (Sixtus) သည် ထိုလေ့လာရေးခရီးစဉ်၏ပျက်ကွက်မှုကို မြင်သောအခါ သူတို့အား သူကတိပြုထားသောသရဖူ (ငွေ) တစ်သန်းကို ပေးဆပ်ရန် ငြင်းဆန်ခဲ့သည်။

စင်ကြယ်ခြင်းမှ ဝေးနေဆဲဖြစ်သောအင်္ဂလန်သည် အနည်းဆုံးကက်သလစ်ဘာသာဝင်များဖြစ်လာလိမ့်မည် မဟုတ်ပေ။

**လက်တွေ့ကျင့်သုံးရန်။** ဤကျမ်းချက်များကို အသေအချာကြည့်ရှုပြီး နိုင်ငံများ၊ တိုင်းပြည်များအကြောင်းနှင့် ဘုရားသခင်နဲ့သူတို့၏ ဆက်ဆံရေးအကြောင်းနှင့်ပတ်သတ်၍ ပြောထားသည်ကို ကြည့်ရှုပါ။ ဆာလံကျမ်း ၃၃း၈-၂၂။



# ပို၍ရဲရင့်သော ပြုပြင်ပြောင်းလဲရေးသမားများ



အလွတ်ကျမ်းချက်။ ။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၁း၂၇

“ဘုရားသခင်သည် ပညာရှိတို့ကို ရှက်ကြောက်စေခြင်းငှါ၊
လောကီအရာ၌ မိုက်မဲသော သူတို့ကို ရွေးကောက်တော်မူ၏။
အစွမ်းသတ္တိရှိသော သူတို့ကို ရှက်ကြောက်စေခြင်းငှါ၊
လောကီအရာ၌ အားနည်းသောသူတို့ကို ရွေးကောက်တော်မူ၏။”





## တနင်္ဂနွေနေ့ ၊ ဂျာမန်မင်းညီမင်းသားများ ဆန္ဒပြကန့်ကွက်မှု ၁

အပြစ်ကင်းလွတ်ခွင့်လက်မှတ်များရောင်းချခြင်းကို ဆန့်ကျင်သော လူးသာ၏ ၉၅ ပြဌာန်းချက်များကို ဝစ်တင်းဘတ်ဘုရားရှိခိုးကျောင်း (Wittenberg Church) ၏တံခါးဝ၌ ရိုက်ထားခဲ့ပြီးနောက်၊ ၁၅၂၉ ခုနှစ်တွင် သူစတင်ခဲ့သောလှုပ်ရှားမှုသည် ပရိုတက်စတင့် (Protestant) ဟု နာမည်ရရှိခဲ့သည်။

ဧကရာဇ်မင်း ပဥ္စမမြောက်ချားစ် (Charles) က ဂျာမနီတစ်နိုင်ငံလုံးသည် ကက်သလစ်အသင်းတော်၏သွန်သင်ချက်များကို လက်ခံရန် ထပ်မံတောင်းဆိုခဲ့သည်။ သူသည် လူးသာနေထိုင်သောဒေသဖြစ်သည့် ဆက္ကဆိုနီဒေသကို အပြစ်ပေးရန်နှင့် လူးသာကိုသတ်ရန် နှစ်ပေါင်းများစွာကြံစည်ခဲ့သည်။ သို့သော် သူသည် မိမိ၏စစ်တပ်ကိုအဆင်သင့်ပြင်ထားသည့်အချိန်တိုင်း အခြားသော ပြဿနာအချို့ပေါ်ပေါက်လာနိုင်မည်။ တူရကီလူမျိုးများ၊ ပြင်သစ်လူမျိုးများ ထို့အပြင် ပုပ်ရဟန်းမင်းကြီးပင် သူ့ကို တိုက်ခိုက်မည်ဖြစ်သည်။ သို့သော် ယခုတွင် သူ့လက်အောက်၌ရှိသောအရာများကို ထိန်းချုပ်ထားပြီး လူးသာဘက်ကို အာရုံစိုက်လေသည်။

အဘယ်သို့ပင်ဖြစ်စေကာမူ၊ ချားလ်စ်က လက်နက်ကိုင်ပဋိပက္ခသည် ထိုအချိန်၌ ပညာအရှိဆုံးနည်းလမ်း မဟုတ်ကြောင်း ကောက်ချက်ချခဲ့သည်။ ထို့ကြောင့် သူသည် စစ်ပွဲအားဖြင့်မဟုတ်ဘဲ အသင်းတော်ကောင်စီများမှတဆင့် သူ၏ရည်မှန်းချက်ကို ရရှိရန် စီစဥ်လုပ်ဆောင်ခဲ့သည်။ သူက စပါး (Spires) မြို့တွင်တွေ့ဆုံရန် နောက်ထပ်စည်းဝေးပွဲ (တရားဝင်အစိုးရအရာရှိများ၏အစည်းအဝေး) ကို ဖိတ်ခေါ်ခဲ့သည်။ ဂျာမန်မင်းညီမင်းသားများသည် တက်ရောက်ဖို့ရန် တောင်းဆိုခံခဲ့သည်။

ဧကရာဇ်မင်းက ဂျာမနီလူမျိုးများအားလုံးကို ပုပ်ရဟန်းမင်းထံ လက်အောက်ခံဖို့ တောင်းဆိုခဲ့သည်။ ထို့နောက် ဆွေးနွေးမှုတွင် မင်းညီမင်းသားများစွာက ကန့်ကွက်ခဲ့သည်။ ၎င်းကို ဧကရာဇ်မင်း၏ ကိုယ်စားလှယ်က အပေးအယူအချို့လိုအပ်သည်ကို သဘောပေါက်ခဲ့သည်။

ကက်သလစ်သွန်သင်ချက်များကို ဆက်လက်တည်ရှိဆဲနေရာများတွင် ဆက်လက်၍ ဆက်လက်ကျင့်သုံးသွားရန် အဆိုပြုထားသည်။ သို့သော် ပြုပြင်ပြောင်းလဲရေး၏သင်ကြားမှုများကို သိမ်းယူခဲ့ပြီးသော ထိုဒေသများ၌ သူတို့သည် "အသေးအဖွဲ့ကန့်သတ်ချက်များ" ကိုသာ သဘောတူရန် ရရှိလိမ့်မည်ဖြစ်သည်။ သူတို့သည် ကိုယ်ပိုင်ဘာသာရေးလွတ်လပ်ခွင့် ရှိလိမ့်မည်။ သို့သော် သူတို့သည် သမ္မာကျမ်းစာနှင့် ပတ်သက်၍ သူတို့၏ နားလည်ထားသောအကြောင်းများပြောဆိုခြင်း သို့မဟုတ် ပြုပြင်ပြောင်းလဲရေးယုံကြည်ခြင်း၌ ကက်သလစ်များနှင့် သူတို့ ပူးပေါင်းခွင့်ပြုခြင်း မပြုနိုင်ပါ။

မင်းညီမင်းသားအချို့အတွက်တော့ ဤအစီအစဥ်သည် အလွန်ကောင်းဟန်ရှိပါသည်။ သို့သော် တချို့သူတို့က မှားသည်ဟုထင်သည့်အတွက်ကြောင့် ကန့်ကွက်ခဲ့ကြသည်။ သူတို့ကိုယ်တိုင်အတွက် အလွန်အန္တရာယ်များသော်လည်း “ဤအမိန့်ကို ငြင်းပယ်ကြစို့၊ ဩတ္တပ္ပစိတ်နှင့်ဆိုင်သောကိစ္စများတွင် အများစုမှာအာဏာမရှိပါ” ဟု ပြောဆိုခဲ့ကြ၏။

အမျိုးသားကောင်စီရှေ့တွင်၊ မင်းညီမင်းသားများစွာသည် ဧကရာဇ်မင်း၏အကြံပြုချက်ကို ရဲရင့်စွာကန့်ကွက်ခဲ့ကြသည်။ သူ၏ အဆိုပြုချက်၌ ဘာမှားသနည်း။ ရှင်မာကုခရစ်ဝင် ၁၆း၁၅၊ ၁၆။

ဤအရာက ဧကရာဇ်မင်းကို အသေအချာ ပျော်ရွှင်စေမှာ မဟုတ်ပေ။ သို့သော် မင်းညီမင်းသားများ၏ ကန့်ကွက်မှု (protest of the princes) သည် သူတို့ကို ပရိုတက်စတင့် (Protestants) ဟု အမည်ပေးခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** မှန်ကန်သောအရာအတွက် ရပ်တည်ခြင်းသည် အမြဲတမ်း မလွယ်ကူခဲ့ချေ။ သေဝတာ၏အချိန်ကာလနှင့် ဤမင်း ညီမင်းသားတို့၏အခြေအနေကို နှိုင်းယှဥ်ကြည့်ပါ။ အဘယ်အခြေခံသ ဘောတရား ပါဝင်သနည်း။ သေဝတာဝတ္ထု ၄း၁၃၊ ၁၄။

## တနင်္လာနေ့ ၊ ဂျီနီဗာ၌ ဂျွန်ကဲလ်ဗင်း ၂

ပြုပြင်ပြောင်းလဲရေးကြီးထွားလာသည်နှင့်အမျှ အဖြစ်အပျက်များနှင့် ပြဿနာများသည် ပို၍ပို၍ရှုပ်ထွေးလာခဲ့၏။ ဤနှစ်များမှ ဖြစ်ပျက်သော ကောင်းသောအဖြစ်ပျက်များစွာရှိလေသည်။ ၎င်းတို့အားလုံးကို ကျွန်ုပ်တို့၏ သင်ခန်းစာလေ့လာခြင်း၌ တွေ့ရမည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် ပို၍အရေးကြီးသော အချို့အဖြစ်အပျက်များအကြောင်းကိုသာ အချုပ်လေ့လာကြရမည်ဖြစ်သည်။

ဂျွန်ကဲလ်ဗင်း (John Calvin) သည် ပထမ၌ ယဇ်ပုရောဟိတ်အဖြစ်လည်းကောင်း၊ ထို့နောက် ရှေ့နေအဖြစ်လည်းကောင်း လေ့ကျင့်သင်ကြားခြင်းခံခဲ့ရသည်။ သို့သော် သူသည်ပရိုတက်စတင့် အာဇာနည်တစ်ယောက်၏ သက်သေခံခြင်းအားဖြင့် အရာအားလုံးကို စွန့်လွှတ်လိုက်ပြီး၊ သမ္မာကျမ်းစာ၌သူတွေ့ရှိခဲ့သော အမှန်တရားဝေငှရမည့်တာဝန်ကို သူသိရှိခဲ့သည်။ လူးသာနှင့် ဇွင်းကလိတို့ကဲ့သို့ပင် ကဲလ်ဗင်း၌ “သင်ယူစရာ

များးစွာ” ရှိခဲ့သည်။ ဤသုံးယောက်ထဲက အဘယ်သူ့ကိုမဆို ကျွန်ုပ်တို့ကြည့်သောအခါ သူတို့လုပ်မိခဲ့သော အမှားများကို မြင်တွေ့နိုင်လိမ့်မည်။ သို့သော် ကျွန်ုပ်တို့သည် သူတို့ကို အပြစ်တင်နိုင်မည်လား။ ယခုကျွန်ုပ်တို့ ရှင်းလင်းသောအရာအချို့သည် ထိုအချိန်၌ မမြင်တွေ့နိုင်ပါ။

ဝီလျှံဖားရယ်သည် ဂျီနီဗာသို့ ပြောင်းရွှေ့ခဲ့သည်။ ထို့ပြင် ပြင်သစ်၌ လတ်ဖီးဘားနှင့် အလုပ်လုပ်ဆောင်ခဲ့ပြီးနောက် ဆွစ်ဇာလန်သို့ ပြောင်းရွှေ့ခဲ့ပြီး၊ ၁၅၃၆ ခုနှစ်၌ ကဲလ်ဗင်းကို သူနှင့်ပူးပေါင်းရန် ဖိတ်ခေါ်ခဲ့သည်။ ဂျီနီဗာသည် တရားဝင်ပရိုတက်စတင့်ဖြစ်သော်လည်း လူများတို့သည် ကက်သလစ်များကဲ့သို့ သူတို့ပုံသွင်းခံရသော အကျင့်ဓလေ့အမှားများကို မပြောင်းလဲခဲ့ကြပါ။ ဖားရယ်နှင့် ကဲယ်လ်ဗင်းတို့သည် ဘာသာတရားကို လူတို့၏နေ့စဉ်ဘဝ၏ လက်တွေ့ကျသော အပိုင်းအဖြစ်ပြုလုပ်ရန် ကြိုးစားလုပ်ဆောင်ခဲ့ကြသည်။ ရှင်မဿဲခရစ်ဝင် ၇း၂၁၊ ရှင်ယာကုပ်ဩဝါဒစာ ၂း၁၄-၁၈ ကို ဖတ်ပါ။



အစပိုင်းတွင်မူ ဤအရာကို သိပ်သဘောမပေါက်ခဲ့ပေ။ ထို့နောက်တွင် ပြုပြင်ပြောင်းလဲရေးသမားနှစ်ယောက်ကို မြို့ကနေ အတင်းအကြပ်ထွက်ခွာခိုင်းလိုက်လေသည်။ သို့သော် ကက်သလစ်အသင်းတော်၏ ဖိအားနှင့် ခြိမ်းခြောက်မှုများ တိုးများလာသောအခါတွင်၊ ဂျီနီဗာမြို့သားများက သူတို့ကို ပြန်လည်ခေါ်ဖိတ်ခဲ့သည်။ ၂၃ နှစ်လုံးလုံး၊ ကဲလ်ဗင်းက ဂျီနီဗာမြို့ကို “ခရစ်ယာန်မြို့” အဖြစ် အသွင်ပြောင်းဖို့ ကြိုးစားခဲ့သည်။

ကဲလ်ဗင်း၏စာပေအရေးအသားများမှာ သူသည် ရှေ့နေတစ်ယောက်အဖြစ် လေ့ကျင့်သင်ကြားခဲ့ကြောင်းကို ရောင်ပြန်ဟပ်ခဲ့ပြီး၊ အခြားပြုပြင်ပြောင်းလဲရေးသမားများထက် ပို၍ စနစ်တကျရှိခဲ့သည်။ သူ ၏ အရေးကြီးဆုံးသော စာအုပ်ဖြစ်သည့် ခရစ်ယာန်ဘာသာ၏ အဖွဲ့အစည်းများ (The Institutes of the Christian Religion) စာအုပ်ကို ယနေ့တိုင် လေ့လာရဆဲဖြစ်သည်။

ဂျနီဗာသည် ထိုအချိန်က ပြုပြင်ပြောင်းလဲရေးအတွက် အရေးပါသောမြို့ ဖြစ်ခဲ့သည်။ အခြားသောနိုင်ငံများမှ ထွက်ပြေးလွတ်မြောက်လာကြသော ရာနှင့်ချီသော ပရိုတက်စတင့်များအတွက် ခိုလှုံရာနေရာတစ်ခု ဖြစ်ခဲ့သည်။ တစ်ချိန်က အင်္ဂလန်နိုင်ငံ၌ နှိပ်စက်ညှဥ်းပန်းမှုကြောင့် ဂျီနီဗာတွင် အင်္ဂလိပ်ပရိုတက်စတင့်နှစ်ရာကျော် အသက်ရှင်နေထိုင်ခဲ့ကြသည်။ ထို့အပြင် ထိုနေရာ၌ ရာနှင့်ချီသော သာသနာပြုများကိုလည်း လေ့ကျင့်ပေးခဲ့သည်။ ထိုသာသနာပြုအများစုမှာ ပြင်သစ် (France) နိုင်ငံတွင် အမှုတော် အလုပ်လုပ်သော်လည်း၊ အချို့မှာ ဘရာဇီး (Brazil) နိုင်ငံအထိသာ သွားခဲ့ကြသည်။

**လက်တွေ့ကျင့်သုံးရန်။** လူတို့သည် နှိပ်စက်ညှဥ်းပန်းခံရသည့်အခါ၊ ဧဝံဂေလိသတင်းစကားသက်သေခံခြင်းကို ပို၍ မကြာခဏ လုပ်ဆောင်လေ့ရှိကြသည်မှာ နည်းနည်းအံ့ဩစရာ မဟုတ်ပေလော။ ထိုအရာသည် အဘယ်ကြောင့်ဖြစ်ပျက်ကြောင်းကို သင်က အဘယ်သို့ ထင်မြင်သနည်း။ တမန်တော်ဝတ္ထု ၈း၁၊ ၄၊ ၁၁း၁၉-၂၁။

## အင်္ဂါနေ့ ၊ စကော့တလန်၌ ဂျွန်နောက်စ် ၃

ဂျွန်နောက်စ် (John Knox) သည် စကော့တလန်၏ကြီးကျယ်ခမ်းနားသောပြုပြင်ပြောင်းလဲရေးသမား ဖြစ်ခဲ့သည်။ သို့သော် အချိန်တိုတောင်းစွာ လုပ်ဆောင်ခဲ့ရသည်။ သူသည် ပရိုတက်စတင့်တစ်ယောက်ဖြစ်လာပြီးနောက်တွင် သူသည် ပြင်သစ်ကက်သလစ်များ၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး စစ်သင်္ဘောတစ်စင်းပေါ်၏ မီးဖိုချောင်တွင် အစေခံကျွန်တစ်ဦးဖြစ်လာခဲ့သည်။

၁၈ လကြာ သူသည် ထိုသင်္ဘောမီးဖိုချောင်၌ အချိန်ကုန်လွန်ခဲ့သည်။ ပြင်သစ်လူများသည် သူ့ကို ပြောင်းလဲရန် ကြိုးပမ်းခဲ့သည်။ သူတို့သည် အပျိုကညာမာရိရုပ်ထုတစ်ခုကို သူ့အားပေးအပ်ပြီး၊ ၎င်း၏ ခြေများကို အနမ်းပေးရန် သူ့အား တိုက်တွန်းခဲ့ကြသည်။ ဂျွန်နောက်စ်သည် ထိုသို့နမ်းမည့်အစား၊ ၎င်းရုပ်ထုကို ပင်လယ်ထဲသို့ပစ်ချပြီး၊ “သူမကို ရေကူးသင်ပေးကြစို့” ဟု ပြောဆိုခဲ့သည်။ ထိုသို့ကြောက်စိတ်ကင်းမဲ့သောအပြုအမူမျိုးမှာ ဂျွန်နောက်စ်သည် သူ့ဘဝအသက်တာတစ်လျှောက်လုံးတွင် ပုံမှန်ရှိခဲ့သောအရာပဲဖြစ်၏။

ဂျွန်နောက်စ်သည် နှစ်ပေါင်းများစွာပင် အဓိကအားဖြင့် ဂျီနီဗာ၊ ဆွစ်ဇာလန်နှင့် ဂျာမနီနိုင်ငံ ဖရန့်ဘတ် (Frankfurt) ၌ လုပ်ဆောင်ခဲ့သည်။ သို့သော် သူ၏နှလုံးသားပေါ်မှာ စကော့တလန်က ရှိနေဆဲဖြစ်၏။ သူ၏ ထင်ရှားသောဆုတောင်းချက်မှာ “အဖဘုရားသခင်၊ စကော့တလန်ကို ကျွန်ုပ်အားပေးပါ သို့မဟုတ် ထိုနေရာ၌ သေခွင့်ပေးပါ” ဟု ဆုတောင်းခဲ့သည်။

၁၅၅၉ ခုနှစ်တွင် သူသည် တင်းမာသောအချိန်ကာလအတွင်း၌ အိမ်သို့ပြန်ခဲ့သည်။ အင်အားကြီးမားသော ကက်သလစ်ဘာသာဝင်ဖြစ်သော ဂုစီ (Guise) မြို့မှ ဘုရင်မမေရီ (Mary) သည် ပြင်သစ်နိုင်ငံရှိ သူမ၏သမီးငယ်ဖြစ်သော စကော့တလန် ဘုရင်မ မေရီ (Mary Queen) ၏နိုင်ငံကို အုပ်ချုပ်ခဲ့သည်။ ၎င်းသည် ကက်သလစ်များနှင့် ပရိုတက်စတင့်တို့အကြား ပြည်တွင်းစစ်ဖြစ်ပွားလိမ့်မည်ဟု ထင်ရသည်။ သို့သော် ၁၅၆၀ ခုနှစ်တွင် ဂုစီမြို့မှ ဘုရင်မမေရီကွယ်လွန်သောအခါ ၎င်းကို ရှောင်ရှားနိုင်ခဲ့သည်။

တိုင်းပြည်တွင် ဘုရင်အုပ်ချုပ်သည့်သက်ဦးဆံပိုင်စနစ် မရှိသဖြင့် ပရိုတက်စတင့်များသည် သူတို့၏ရပ်တည်ချက်ကို အားဖြည့်ပေးခဲ့သည်။ ထို့ကြောင့် ပြင်သစ်နိုင်ငံမှ စကော့တလန်ဘုရင်မ မေရီမရောက်လာမီအချိန်အတွင်း ပါလီမန် (လွှတ်တော်) သည် ပရိုတက်စတင့်ဝါဒ (Pro-testantism) ကို အမျိုးသားဘာသာ (တိုင်းပြည်ဘာသာတစ်ခု) အဖြစ် သတ်မှတ်ပေးလိုက်သည်။ မေရီသည် ဤသို့ပြုခြင်းကို လုံးဝမနှစ်သက်ခဲ့ချေ။

ဘုရင်မနှင့် ဘာသာရေးပြုပြင်ပြောင်းလဲရေးသမားတို့သည် မျက်နှာချင်းဆိုင်တွေ့ဆုံမေးမြန်းခြင်းများစွာ ပြုလုပ်ခဲ့သည်။ ထိုတွေ့ဆုံမေးမြန်းခြင်း၌ ဂျွန်နောက်စ်သည် သူ၏ပြုလုပ်နေကျသော ရဲရင့်ခြင်းသတ္တိကို ပြသခဲ့သည်။ တချိန်က သူပြောခဲ့သည်မှာ -



“မှန်ကန်သောဘာသာတရားသည် လောကီမင်းညီ မင်းသားများထံမှ မူလအင်အားဖြစ်စေ၊ ဩဇာတန်ခိုးအာဏာကိုဖြစ်စေ မရယူထားဘဲ၊ ထာဝရဘုရားသခင်တစ်ပါးတည်းထံမှ ရရှိထားသည်။ထို့ကြောင့်ဘာသာတရားများ(အုပ်ချုပ်မှုအောက်ရှိ လူများ) သည် သူတို့၏ဘာသာတရားကို သူတို့၏မင်းသားတို့၏အကျင့်စရိုက်များနှင့်ဘောင်ခတ်ထားသည် မဟုတ်ပါ။ များသောအားဖြင့် မင်းညီမင်းသားများသည် ဘုရားသခင်၏စစ်မှန်သောဘာသာတရား၌ အခြားသူများအားလုံးထဲမှ မသိကျိုးကျွန်ပြုဆုံး ဖြစ်ကြသည်။… အကယ်၍ အာဗြဟံ၏အမျိုးအနွယ်သည် ဖာရောဘုရင်၏ဘာသာတရားဖြစ်ခဲ့လျှင်၊ ၎င်းတို့သည် သူတို့လက်အောက်၌ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ပြီးဖြစ်လိမ့်မည်။ ချစ်သောဘုရင်မ သင့်အတွက် ကျွန်ုပ်ဆုတောင်းပေးသည်။ ကမ္ဘာပေါ်မှာ ဘယ်ဘာသာရေးမျိုးရှိခဲ့မှာလဲ။… ထို့ကြောင့်၊ ချစ်သောဘုရင်မ၊ ဘာသာတရားများသည် သူတို့၏ မင်းညီမင်းသားတို့၏ဘာသာတရားနှင့် မသက်ဆိုင်ကြောင်းသင်သိပေမည်၊… [အဘယ်သို့ပင်ဖြစ်စေကာမူ] သူတို့သည် နာခံရန် အမိန့်ပေးခြင်းခံထားရသော သူများဖြစ်ကြသည်။” ဟု ပြောဆိုခဲ့လေသည်။

သူ၏ရဲစွမ်းသတ္တိနှင့် ရင်ဆိုင်ခဲ့ရသည်။ မေရီက “အကျွန်ုပ်သည် ဥရောပစစ်တပ်များအားလုံးထက် ဂျွန်နောက်စ်၏ဆုတောင်းချက်များကို ပို၍ကြောက်သည်” ဟု ပြောဆိုခဲ့လေ၏။

**လက်တွေ့ကျင့်သုံးရန်။** စစ်မှန်သောရဲစွမ်းသတ္တိ၏လျှို့ဝှက်ချက်ကား အဘယ်နည်း။ တိမောသေဩဝါဒစာ ဒုတိယစောင် ၁း၇၊ ရှင်ယောဟန်ခရစ်ဝင် ပဌမစောင် ၄း၈။

## ဗုဒ္ဓဟူးနေ့ ၊ အင်္ဂလန်နှင့် ဟင်နရီ (၈) ၄

အင်္ဂလန်တွင် ဘုရင်ဟင်နရီ (၈) က ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို ခက်ခဲစေခဲ့သည်။ ဟင်နရီသည် ဘုရင်ဖာဒီနန် (Ferdinand) နှင့် စပိန်ဘုရင်မ အစ်စဗဲလ်လ (Isabella) တို့၏သမီး အာရဂွန်မှ ကက်သရင်း (Catherine of Aragon) နှင့် လက်ထပ်ခဲ့သည်။ ဖာဒီနန်နှင့် အစ်စဗဲလ်လတို့သည် ကက်သလစ်ဘာသာဝင်များအဖြစ် တစ်သက်လုံးနေထိုင်ခဲ့ကြပြီး၊ ကက်သရင်းသည်လည်း အလားတူ ကြီးပြင်းလာခဲ့သည်။

လက်ထပ်ပြီးနောက် ၂၄ နှစ်အကြာတွင်၊ ဟင်နရီနှင့် ကက်သရင်းတို့၌ အသက်ရှင်သောသမီးတစ်ဦးသာရှိပြီး၊ သားတစ်ဦးမျှ မရှိပါ။ သူသည် သားကို ဘုရင်တစ်ယောက်ဖြစ်ချင်ခဲ့သည်။ သားဖြစ်သူသေဆုံးပြီးနောက်တွင်၊ ၎င်းသည် ဟင်နရီအတွက် ပြဿနာ ဖြစ်လာခဲ့သည်။



ဟင်နရီသည် မိန်းမအသစ်တစ်ယောက်ကို လိုချင်ပြီး၊ လက်ထပ်ယူရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် ကက်သရင်းအား ကွာရှင်းရန် ပုပ်ရဟန်းမင်းကြီးထံ ခွင့်ပြုချက်ကို ရရန် လိုအပ်ခဲ့သည်။ ပုပ်ရဟန်းမင်းကြီးသည် ဟင်နရီ၏တောင်းဆိုချက်ကို လက်ခံလိုခဲ့ပေမည်၊ သို့သော် ဥရောပ၌ ဤအရာများသည် ပြောင်းလဲခဲ့ပြီးဖြစ်သည်။ အငြင်းပွားမှုများစွာကြောင့် ပဉ္စမမြောက်ဧကရာဇ်မင်းချားလ်စ် (Charles the Fifth) ပုပ်ရဟန်းမင်းကြီးကို စိတ်ပျက်လာခဲ့သည်။ သူသည် အလွန်စိတ်ဆိုးခဲ့သည်။ ပုပ်ရဟန်းမင်းကြီးကို ဖမ်းဆီးခေါ်သွားခဲ့သည်။ ပိုဆိုးသည်မှာ ဟင်နရီကွာရှင်းချင်သောကက်သရင်းမှာ ချားလ်စ်၏အဒေါ်ဖြစ်သည်။

ဟုတ်ပေသည်၊ ယင်းက ပုပ်ရဟန်းမင်းကြီးသည် ကက်သရင်းကို ပြစ်မှားခြင်းနှင့်ပတ်သတ်၍ သတိထားစေခဲ့သည်။ နောက်ဆုံး၌ ဟင်နရီသည် ပုပ်ရဟန်းမင်း၏ခွင့်ပြုချက်ကို စောင့်မျှော်ရန်ငြီးငွေ့လာလေသည်။ ၁၅၃၄ ခုနှစ်တွင် သူသည် ပုပ်ရဟန်းမင်းကြီးမှာ ဘုရားသခင်၏ ကိုယ်စားလှယ်နှင့် အသင်းတော်၏ဦးခေါင်းမဟုတ်ကြောင်း ပြုပြင်ပြောင်းလဲရေး အမှန်တရားကို ရုတ်တရက် “အတည်ပြုလက်ခံ” ခဲ့သည်။

အကြောင်းမလှစွာပဲ သူသည် အမှန်တရားထက် မိမိအဆင်ပြေဖို့ကိုသာ စိတ်ဝင်စားခဲ့ပါသည်။ ထို့ကြောင့် သူသည် ဘာသာရေးဓလေ့ထုံးစံများနှင့်ပတ်သက်၍ အချို့ကို ပြောင်းလဲမှုများပြုလုပ်ခဲ့ပြီး၊ မိမိကိုယ်ကိုအင်္ဂလန်အသင်းတော်၏ခေါင်းဆောင် (အကြီးအကဲ) အဖြစ် ကြေငြာခဲ့သည်။ အဘယ်မျှလောက် ရှုပ်ပွညစ်ပတ်မှုများနည်း။ ဤမတိုင်မီတွင် ထိုကဲ့သို့သောအသင်းတော်မရှိခဲ့ပါ။ ယခုတွင် အင်္ဂလန်ရှိလူတိုင်းသည် အင်္ဂလန်အသင်းတော်ကို အလိုအလျောက် ဝင်လာခဲ့ရသည်။ ထိုအခါ ဟင်နရီသည် မိမိမယားကို ကွာရှင်းရန် မိမိကိုယ်ကို ခွင့်ပြုခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်၏ပညတ်တော်က မှားသည်ဟု ကျွန်ုပ်တို့တစ်စုံတစ်ရာကိုပြုလုပ်လိုပါက လူ၏သဘောသဘာဝက မည်သို့တုံ့ပြန်သနည်း။ ရှင်မာကုခရစ်ဝင် ၇း၅-၁၃။

## ကြာသပတေးနေ့ ၊ ပြုပြင်ပြောင်းလဲရေးကို ရပ်တန့်ရန် ကြိုးပမ်းမှု ၅

၁၅၁၇ ခုနှစ်တွင် လူးသာ၏ကိုးဆယ်ငါး အမှန်တရားပြဋ္ဌာန်းချက် ဆယ့်ငါးနှစ်ကြာတွင်၊ ဟင်နရီသည် မိမိကိုယ်ကို အင်္ဂလန်နိုင်ငံရှိအသင်းတော်၏ခေါင်းဆောင်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ပြောစရာတောင် မလိုအပ်တော့ပေ၊ ပြောစရာမလိုတော့ပါဘူး၊ ဤသည် ကက်သလစ်အသင်းတော်အတွက် အလွန်ခက်ခဲသော နှစ်များဖြစ်ခဲ့သည်။

နှင်ချခြင်းနှင့်ဩဇာအာဏာဆုံးရှုံးသွားခြင်းအတွက် ကျေနပ်ရောင့်ရဲခြင်းမရှိသောကြောင့် ပုပ်ရဟန်းမင်းသည် အတတ်နိုင်ဆုံး နည်းလမ်းမျိုးစုံဖြင့် ပြန်လည်တိုက်ခိုက်ခဲ့သည်။ ဤနည်းသုံးနည်းသည် အထူးသဖြင့် စိတ်ဝင်စားစရာဖြစ်သည်။ ပထမမှာ ၁၅၄၀ ခုနှစ်တွင် ဂျီးစူးစ် (Jes-uits) ကို တည်ထောင်ခြင်းဖြစ်ခဲ့သည်။ တရားဝင် အနေဖြင့် “ယေရှု၏အဖွဲ့အစည်း” (Society of Jesus) ဟု လူသိများသောဤအဖွဲ့သည် ပုပ်ရဟန်းမင်း၏ ဩဇာအာဏာတန်ခိုးကို မြင့်တင်ရန်လုံးလုံးလျားလျား မြှုပ်နှံခဲ့သည်။

ဤသည် သူတို့၏ကျော်ကြားသော ဆောင်ပုဒ်ဖြစ်သည်။ ၎င်းမှာ “အဆုံးသည် ဆိုလိုရင်းများကို ဖြောင့်မတ်စေသည်။” တခြား နည်းလမ်းအားဖြင့်ဆိုရသော် ပုပ်ရဟန်းမင်းကြီးအတွက် လုပ်သမျှကာလပတ်လုံး၊ မည်သည့် လိမ်လည်ခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အခြားမည်သည့် အပြစ်မျှမရှိဟု သူတို့ယုံကြည်ခဲ့ကြခြင်းဖြစ်သည်။ ဤမကောင်းသောအတွေးအခေါ်သည် ထောင်ပေါင်းများစွာသော မရိုးမသားကြံစည်မှုများသို့ လမ်းညွှန်ပို့ဆောင်စေခဲ့သည်။ ယင်းတို့အနက်အကျော်ကြားဆုံးမှာ ယမ်းမှုန့်ကြံစည်မှု "Gunpowder Plot" ဖြစ်ပြီး ပါလီမန်၏ အင်္ဂလိပ်အိမ်တော်များကိုတိုက်ခိုက်ရန်၊ ဘုရင်အားသတ်ရန်နှင့် သူ့ကိုကက်သလစ်ဘာသာဝင်တစ်ယောက်ဖြင့် အစားထိုးရန် ကြိုးပမ်းမှုတစ်ခု ဖြစ်သည်။ အဆိုပါကြံစည်မှုလုပ်ဆောင်သော်လည်း ရှာဖွေတွေ့ရှိ၍ ရပ်တန့်နိုင်ခဲ့သည်။ ၎င်း၏နှစ်ပတ်လည်နေ့ဖြစ်သော နိုဝင်ဘာ ၅ ရက်နေ့ကို အင်္ဂလန်တွင် ယနေ့တိုင်ကျင်းပနေဆဲဖြစ်သည်။